# သတင်းလွှာ

အတွဲ ၁၆

ဖေဖော်ဝါရီ ၂၀၂၆

## ယန္တရားအကြီးအကဲ၏အမှာစာ



မြန်မာစစ်တပ်သည် နိုင်ငံ၏ရွေးကောက်ခံအစိုးရကို ဖယ်ရှား၍ အာဏာသိမ်းယူခဲ့သည်မှာ ယခုလတွင် ငါးနှစ်ပြည့်ခဲ့ပြီဖြစ်သည်။ စစ်အာဏာသိမ်းပြီးနောက်ပိုင်းတွင် ကျူးလွန်သည့် ရက်စက်မှုများသည် ရပ်တန့်မှုမရှိဘဲ ပြင်းထန်ကြမ်းတမ်းစွာ ဆက်လက်ဖြစ်ပွားနေပြီး၊ မကြာသေးမီက စစ်အစိုးရ စီစဉ်ကျင်းပသည့် ရွေးကောက်ပွဲကာလအတွင်း၌လည်း ကျူးလွန်မှုများ ဆက်လက်ဖြစ်ပွားခဲ့သည်။ ယန္တရားက စုဆောင်း၍ စိစစ်သုံးသပ်ထားသော အထောက်အထားများအရ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှုများကို ပြစ်ဒဏ်ကင်းလွတ်စွာ ကျူးလွန်နေကြောင်း ဖော်ပြနေသည်။ စာသင်ကျောင်းများ၊ ဆေးရုံများနှင့် နေအိမ်များသည် လေကြောင်းတိုက်ခိုက်မှုများကြောင့် ဖျက်ဆီးခံထားရပြီး ပြည်သူများသည် အချိန်မရွေး တိုက်ခိုက်ခံရမည့် အန္တရာယ်ကို အမြဲတမ်းကြောက်ရွံ့စွာ နေထိုင်နေရသည်။ ဤအကြမ်းဖက်မှုများကြောင့် ကလေးများသည် အလွန်ကြီးမားသော ထိခိုက်နစ်နာမှုများကို ကြုံတွေ့နေရ သည်။ မကြာသေးမီက ကျင်းပခဲ့သည့် ရွေးကောက်ပွဲကိုဝေဖန်သူများ အပါအဝင် စစ်အစိုးရကို ဆန့်ကျင်သည်ဟု ထင်မြင်ယူဆခံရသူ ထောင်ပေါင်းများစွာကို ဥပဒေမဲ့ ဖမ်းဆီးထားသည်။ အဖမ်းခံရသူများစွာသည် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ အပါအဝင် ရက်စက်ကြမ်းကြုတ်သည့် နှိပ်စက်ညှဉ်းပန်းမှုများ ခံစားခဲ့ရသည်။

မြန်မာနိုင်ငံအတွင်း အခြေအနေများ ဆိုးရွားပြင်းထန်နေသော်လည်း၊ ပြီးခဲ့သည့်လအတွင်း ဂမ်ဘီယာနှင့် မြန်မာအမှုအား နိုင်ငံတကာတရားရုံး (အိုင်စီဂျေ) တွင် အမှုကြားနာစစ်ဆေးခဲ့ခြင်းသည် တရားမျှတမှုနှင့် တာဝန်ခံမှုဆိုင်ရာ ကြိုးပမ်းမှုများအတွက် အရေးပါသည့် အခိုက်အတန့်တစ်ခု ဖြစ်ခဲ့သည်။ ယန္တရားသည် အမှုတွင်ပါဝင်သည့် နှစ်ဖက်နိုင်ငံများကို အထောက်အထားများနှင့် စိစစ်သုံးသပ်ချက်များ မျှဝေခဲ့သည်။ မြန်မာနိုင်ငံသည် ရိုဟင်ဂျာများကို လူမျိုးပြုန်းစေသည့် လုပ်ရပ်များကို တားဆီးခြင်းနှင့် အပြစ်ပေးအရေးယူခြင်းများ ဆောင်ရွက်ရမည့် တာဝန်ကို လိုက်နာခဲ့ခြင်းရှိ၊ မရှိ အကဲဖြတ်ရန်အတွက် တရားသူကြီးများသည် အခိုင်မာဆုံး အထောက်အထားများ ရရှိရန် လိုအပ်သည်ဟု ခံယူထားသောကြောင့် ယန္တရားက မျှဝေခဲ့ခြင်းဖြစ်သည်။

ဤအမှုသည် ရိုဟင်ဂျာများနှင့် မြန်မာနိုင်ငံပြည်သူများအတွက်သာမက၊ နိုင်ငံတကာ အသိုင်းအဝိုင်းအတွက်လည်း အလွန်အရေးပါသည်။ ဤအမှု၏ ရလဒ်သည် လူမျိုးပြုန်းစေမှုကို မည်သို့အဓိပ္ပာယ်ဖွင့်ဆိုပုံ၊ မည်သို့သက်သေပြပုံနှင့် လူမျိုးပြုန်းစေမှု တားဆီးရေးစာချုပ်အား မည်သို့အသုံးပြုလိုက်နာပုံတို့ကို ပုံဖော်နိုင်ဖွယ်ရှိသည်။

မကြာသေးမီ ရက်သတ္တပတ်များအတွင်း သုံးသပ်သူအများအပြားက မြန်မာနိုင်ငံအား "အမေ့အလျော့ခံ ပဋိပက္ခ" တစ်ခုအဖြစ် ရည်ညွှန်းပြောဆိုခဲ့ကြသည်။ မြန်မာနိုင်ငံက အဖြစ်အပျက်များကို ယန္တရားအနေဖြင့် မေ့လျော့ထားခြင်း မရှိကြောင်း ကျွန်ုပ်အလေးအနက် ပြောကြားလိုပါသည်။ နေ့စဉ်နေ့တိုင်း၊ ကျွန်ုပ်တို့၏ စုံစမ်းစစ်ဆေးသူများ၊ ရှေ့နေများနှင့် စိစစ်သုံးသပ်သူများသည် နိုင်ငံအတွင်း ကျူးလွန်ခဲ့သည့် ကြီးလေးသော နိုင်ငံတကာ ရာဇဝတ်မှုများ၏ အထောက်အထားများကို စုဆောင်းခြင်း၊ ထိန်းသိမ်းခြင်းနှင့် စိစစ်သုံးသပ်ခြင်းတို့ကို အာရုံစိုက် ဆောင်ရွက်နေသည်။ ကျွန်ုပ်တို့၏ အထောက်အထားများကို စိတ်ဝင်စားသည့် အာဏာပိုင်အဖွဲ့အစည်းများစွာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး၊ ဤသို့လုပ်ဆောင်ခြင်း၏ တစ်ခုတည်းသော ရည်ရွယ်ချက်မှာ တာဝန်ခံမှုဆိုင်ရာ လုပ်ငန်းစဉ်များကို ထောက်ပံ့ရန်နှင့် ထိခိုက်နစ်နာသူများအတွက် တရားမျှတမှုရရှိရေးကို ကူညီပံ့ပိုးရန် ဖြစ်သည်။

တရားမျှတမှုသည် မြန်မြန်ဆန်ဆန်နှင့် လွယ်လွယ်ကူကူ မရနိုင်ပါ။ ဘဏ္ဍာရေးဖိအားများသည် ကျွန်ုပ်တို့၏ စုံစမ်းစစ်ဆေးမှုတချို့ကို ကန့်သတ်လျက်ရှိသည်။ သို့သော်လည်း၊ ယန္တရားသည် လွတ်လပ်ခိုင်မာသည့် ဆုံးဖြတ်ချက်များဖြင့် အထောက်အထားများကို ဆက်လက်စုဆောင်းကာ ကျူးလွန်သူများကို ဖော်ထုတ်ရန် ကြိုးပမ်းလျက်ရှိသည်။ ထို့အပြင် တာဝန်ယူမှုဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများတွင် ထိခိုက်နစ်နာသူများနှင့် အသက်ရှင်ကျန်ရစ်သူများ၏ အတွေ့အကြုံများကို ဗဟိုပြု၍ ဆက်လက် ဆောင်ရွက်နေသည်။

**နီကိုလတ်စ်ခွန်ဂျန်**




## ၂၀၂၅ ခုနှစ်အတွင်း တိုးတက်မှုများ

၂၀၂၅ ခုနှစ်တွင် ယန္တရားသည် မြန်မာနိုင်ငံရှိ ကြီးလေးသော နိုင်ငံတကာ ရာဇဝတ်မှုများဆိုင်ရာ အထောက်အထားများ စုဆောင်းခြင်း၊ စိစစ်သုံးသပ်ခြင်းနှင့် တာဝန်ရှိသူများအား ဖော်ထုတ်ခြင်းတို့တွင် အရေးပါသည့် တိုးတက်မှုများ ရရှိခဲ့သည်။ ယခုနှစ်အတွင်း ယန္တရား၏ အထောက်အထား စုဆောင်းသိမ်းဆည်းမှုတွင် အချက်အလက်ပေါင်း ၁၁၇,၀၀၀ ကျော်နှင့် သက်သေထွက်ဆိုချက်ပေါင်း ၃၀ ကျော်တို့ကို စုဆောင်းနိုင်ခဲ့သည်။ စုံစမ်းစစ်ဆေးမှုအများစုသည် မြန်မာစစ်တပ် ကျူးလွန်သော ရာဇဝတ်မှုများကို ဖော်ပြနေသော်လည်း၊ ယန္တရားသည် အတိုက်အခံ လက်နက်ကိုင်အဖွဲ့များလည်း ကျူးလွန်သည်ဆိုသည့် စွပ်စွဲချက်များကိုလည်း စစ်ဆေးလျက်ရှိသည်။

ယန္တရားသည် မြန်မာ့လေတပ်၏ ဖွဲ့စည်းပုံနှင့် စစ်ဆင်ရေးဆိုင်ရာ သုံးသပ်ချက်များ အပါအဝင် လေကြောင်းတိုက်ခိုက်မှုများ အား စုံစမ်းစစ်ဆေးမှုကို တိုးမြှင့်ဆောင်ရွက်ခဲ့သည်။ ဥပဒေမဲ့ဖမ်းဆီးခြင်းများနှင့် ဖမ်းဆီးထားစဉ်အတွင်း ကျူးလွန်သည့် ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးရာတွင်လည်း တိုးတက်မှုရရှိခဲ့ပြီး ယင်းတို့တွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် အခြားသော ညှဉ်းပန်းနှိပ်စက်မှုများအတွက် ကျူးလွန်သူများအား ဖော်ထုတ်ခြင်းလည်း ပါဝင်သည်။

ရခိုင်ပြည်နယ်တွင် ဖြစ်ပွားသည့် ရာဇဝတ်မှုများသည် စုံစမ်းစစ်ဆေးမှုများ၏ အဓိကအာရုံစိုက်ရာ ဖြစ်လာခဲ့သည်။ ယင်းရာဇဝတ်မှုများတွင် အရပ်သားများ၊ ဆေးရုံများနှင့် စာသင်ကျောင်းများအား လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခြင်းနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများကို တားဆီးပိတ်ပင်ခြင်းတို့ ပါဝင်သည်။ ယန္တရားသည် ရိုဟင်ဂျာများ၊ ရခိုင်များနှင့် အခြားအရပ်သားများကို ရာဇဝတ်မှုကျူးလွန်သူ မည်သူမဆိုကို စုံစမ်းစစ်ဆေးလျက်ရှိသည်။

စုံစမ်းစစ်ဆေးရေးအဖွဲ့များသည် အစောပိုင်းကာလက ရိုဟင်ဂျာများအား ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများကို ဆက်လက်စုံစမ်းစစ်ဆေးနေပြီး ဘင်္ဂလားဒေ့ရှ်နှင့် အခြားဒေသများတွင် သက်သေများကို တွေ့ဆုံမေးမြန်းခဲ့သည်။ ယန္တရားသည် မြန်မာစစ်တပ်က ရိုဟင်ဂျာများ၏ လယ်ယာမြေနှင့် အိုးအိမ်များသိမ်းယူမှုကို စိစစ်သုံးသပ်သည့် **အစီရင်ခံစာ** ကိုလည်း ထုတ်ပြန်ခဲ့သည်။ ယင်းအစီရင်ခံစာသည် ဂမ်ဘီယာနှင့်မြန်မာ အမှုကြားနာစစ်ဆေးမှုအတွင်း အသုံးပြုခဲ့သည့် ယန္တရား၏ အစီရင်ခံစာကိုးစောင်တွင် တစ်စောင်အဖြစ်ပါဝင်သည်။

ယန္တရားသည် အထောက်အထားများနှင့် စိစစ်သုံးသပ်ချက်များကို မျှဝေပေးနေသည့် အာဏာပိုင်အဖွဲ့အစည်း အရေအတွက်ကို တိုးချဲ့နေပြီး၊ နိုင်ငံတကာတရားရုံး၊ နိုင်ငံတကာရာဇဝတ်မှုခုံရုံး၊ အာဂျင်တီးနားနိုင်ငံ ဖက်ဒရယ်တရားရုံး အမှတ် ၉ ရှိ အမှုများတွင် ပါဝင်သည့်အဖွဲ့များ၊ ဗြိတိန်နိုင်ငံနှင့် အခြားတရားစီရင်ပိုင်ခွင့်ရှိသည့် အာဏာပိုင်များ၏အချက်အလက် တောင်းခံမှုများကို ပံ့ပိုးခဲ့သည်။ ယင်းပံ့ပိုးမှုများတွင် ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးနောက်ပိုင်း ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများနှင့် သက်ဆိုင်သည့် တောင်းခံမှုများလည်း ပါဝင်သည်။

ပြီးခဲ့သည့်နှစ်တွင် သိသာထင်ရှားသည့် တိုးတက်မှုများ ရရှိခဲ့သော်လည်း ယန္တရားသည် ယခုအခါတွင် ပြင်းထန်သည့် ရန်ပုံငွေဆိုင်ရာ ဖိအားများကို ကြုံနေရပြီး ယန္တရား၏ စုံစမ်းစစ်ဆေးမှုများအား မလွဲမသွေ သက်ရောက်မှုများ ရှိနေသည်။ လာမည့်လများအတွင်း ကုလသမဂ္ဂ၏ ပုံမှန်ရန်ပုံငွေဖြင့် ခန့်အပ်ထားသည့်ဝန်ထမ်း ၂၀ ရာခိုင်နှုန်းနှင့် အဖွဲ့ဝင်နိုင်ငံများမှ အလှူရှင်များ၏ ပံ့ပိုးမှုဖြင့် ခန့်အပ်ထားသည့် အထူးပြုကျွမ်းကျင်ရာထူးများကို မဖြစ်မနေ လျှော့ချရမည်ဖြစ်သည်။

### လုပ်ငန်းဆိုင်ရာတိုးတက်မှုများ

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက် အထိ

**၁၅၇**
တွေ့ဆုံမေးမြန်းသည့် သက်သေ (လက်မှတ်ထိုးအတည်ပြုထားသည့် သက်သေထွက်ဆိုချက်များ)

**၅၀၉**
သက်သေစိစစ်မှုပေါင်း (ဖြစ်နိုင်ခြေရှိသည့် သက်သေများ သို့မဟုတ် သတင်းရင်းမြစ်များနှင့် တွေ့ဆုံမှုမှတ်တမ်းများ)

**၁၅၂**
ထိခိုက်နစ်နာသူများ၊ အသက်ရှင်ကျန်ရစ်သူများ၊ အချက်အလက်ပေးသူများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်း ကိုယ်စားလှယ်များနှင့် တွေ့ဆုံမှုပေါင်း

## ယန္တရားအဖွဲ့ များအကြား ပူးပေါင်းဆောင်ရွက်ခြင်း

ယန္တရားနှင့် **ဆီးရီးယားနိုင်ငံဆိုင်ရာ ဘက်မလိုက်သော လွတ်လပ်သော နိုင်ငံတကာယန္တရား** တို့သည် သီးခြားလုပ်ပိုင်ခွင့်နှင့် မတူညီသော အခြေအနေများတွင် ဆောင်ရွက်ကြသော်လည်း၊ နှစ်ဖွဲ့လုံးသည် ကြီးလေးသော နိုင်ငံတကာ ရာဇဝတ်မှုများအတွက် တရားမျှတမှုနှင့် တာဝန်ခံမှုရှိရေးကို ပံ့ပိုးရန် ဖွဲ့စည်းထားသော ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးရေး အဖွဲ့များ ဖြစ်ကြသည်။ ယန္တရားအဖွဲ့များသည် ပူးတွဲဆောင်ရွက်နိုင်မည့် နည်းလမ်းများ ဖော်ထုတ်ရန်၊ အကောင်းဆုံး လုပ်ထုံးလုပ်နည်းများ မျှဝေရန်နှင့် ထိရောက်မှု မြှင့်တင်ရန်အတွက် ပုံမှန်တွေ့ဆုံကြသည်။

ဥပဒေရေးရာနှင့် တရားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ သက်သေများ ကာကွယ်စောင့်ရှောက်မှုနှင့် ပံ့ပိုးကူညီမှု၊ သက်သေများကို တွေ့ဆုံမေးမြန်းမှု၊ အချက်အလက် မျှဝေခြင်းနှင့် သိနားလည်သည့် သဘောတူခွင့်ပြုချက် ရယူခြင်း၊ အချက်အလက် နည်းပညာစနစ်များနှင့် ဒေတာစီမံခန့်ခွဲခြင်းတို့ အပါအဝင် စုံစမ်းစစ်ဆေးရေးနှင့် လုပ်ငန်းဆောင်ရွက်ရေးဆိုင်ရာ နယ်ပယ်အသီးသီးတွင်လည်း ဆွေးနွေးမှုများ ရှိသည်။ ဤအပြန်အလှန်ဆွေးနွေးမှုများသည် အဖွဲ့နှစ်ဖွဲ့လုံးအား ရရှိခဲ့သည့်သင်ခန်းစာများကို ပြန်လည်အသုံးချနိုင်ရန်၊ ဘုံချဉ်းကပ်မှုများ ဖော်ထုတ်ရန်နှင့် နှစ်ဦးနှစ်ဖက် အကျိုးရှိနိုင်မည့် ကိစ္စရပ်များကို ရှာဖွေရန် အထောက်အကူပြုသည်။

ယန္တရားအဖွဲ့များသည် အုပ်ချုပ်ရေးနှင့် နည်းပညာဆိုင်ရာ ကိစ္စရပ်များတွင်လည်း ပူးပေါင်းဆောင်ရွက်ကြသည်။ ယင်းတို့အနက် အချက်အလက်နည်းပညာစနစ်များနှင့် ဒေတာစီမံခန့်ခွဲမှုဆိုင်ရာ လိုအပ်ချက်များ ပူးတွဲဝယ်ယူခြင်း၊ နိုင်ငံတကာ ရာဇဝတ်မှုဥပဒေနှင့် စုံစမ်းစစ်ဆေးမှုဆိုင်ရာ ကဏ္ဍများအတွက် စုံစမ်းစစ်ဆေးသူများအား ပူးတွဲလေ့ကျင့်သင်ကြားပေးခြင်းတို့ ပါဝင်သည်။ သက်သေများနှင့် ဆက်စပ်သည့် လျှို့ဝှက်လုပ်ဆောင်ချက်များ အပါအဝင် အုပ်ချုပ်ရေးဆိုင်ရာ စိန်ခေါ်မှုများကို ဆွေးနွေးရန်နှင့် လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ပုံမှန်တွေ့ဆုံကြသည်။

ဤအတွေ့အကြုံကို အခြေခံ၍ ယန္တရားသည် ၂၀၂၅ ခုနှစ်တွင် လူ့အခွင့်အရေးကောင်စီက ဖွဲ့စည်းခဲ့သည့် **အာဖဂန်နစ္စတန် နိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေး ယန္တရား** အပါအဝင် အခြားသော တာဝန်ခံမှုဆိုင်ရာ ယန္တရားအဖွဲ့သစ်များနှင့်လည်း အကောင်းဆုံး လုပ်ထုံးလုပ်နည်းများကို သင့်လျော်သလို ဆက်လက် မျှဝေသွားမည် ဖြစ်သည်။

## အချက်အလက်များကို အတည်ပြုခြင်းနှင့် စိစစ်သုံးသပ်ခြင်းအတွက် နည်းစနစ်

ယန္တရားက စုဆောင်းပြီး စိစစ်သုံးသပ်သည့် အချက်အလက်များ၏ တိကျမှုနှင့် ယုံကြည်စိတ်ချရမှုရှိရေးသည် ယန္တရား၏ လုပ်ပိုင်ခွင့်တွင် အခရာကျသည်။ ယန္တရားသည် ထုံးစံဖြစ်သော စုံစမ်းစစ်ဆေးရေးနည်းလမ်းများကို အဆင့်မြင့်နည်းပညာများနှင့် ပေါင်းစပ်ထားသည့် တင်းကျပ်သော အတည်ပြုစိစစ်ရေးစံနှုန်းများကို ကျင့်သုံးသည်။

ယန္တရားသည် သက်သေများ၊ အဖွဲ့ဝင်နိုင်ငံများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာနှင့် အစိုးရမဟုတ်သော အဖွဲ့အ စည်းများနှင့် စီးပွားရေးလုပ်ငန်းများ အပါအဝင် ကျယ်ပြန့်သော ရင်းမြစ်များထံမှ အချက်အလက်များကို စုဆောင်းသည်။ ထို့နောက် ယန္တရားသည် အချက်အလက်များကို အခြားသော အထောက်အထားများနှင့် နှိုင်းယှဉ်ကာ စစ်ဆေးသည်။ ယင်းတို့တွင် ပွင့်လင်းရင်းမြစ်မှ အချက်အလက်များ၊ ဘဏ္ဍာရေးမှတ်တမ်းများနှင့် ပထဝီဝင်ဆိုင်ရာ အချက်အလက်များ ပါဝင်သည်။ လွတ်လပ်ပြီး ဘက်လိုက်မှုမရှိစေရန်၊ ယန္တရားသည် စွပ်စွဲချက်များကို ထောက်ခံသည့် အထောက်အထားများအပြင် ဆန့်ကျင်သည့် အထောက်အထားများကိုပါ စုဆောင်းသည်။

အတည်ပြုစိစစ်ခြင်း၏ အဓိကကျသော အစိတ်အပိုင်းမှာ အဖြစ်အပျက်များကို ကိုယ်တိုင်ကြုံတွေ့သည့် ထိခိုက်နစ်နာသူ များ၊ မျက်မြင်သက်သေများနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံခြင်း ဖြစ်သည်။ ယန္တရားသည် မိမိတို့ကိုယ်တိုင် တွေ့ဆုံမေးမြန်းမှုများကို စီစဉ်၍အမြဲလိုလို မျက်နှာချင်းဆိုင် တွေ့ဆုံမေးမြန်းကာ အသေးစိတ်ကျပြီး လက်မှတ်ရေးထိုး အတည်ပြုထားသည့် သက်သေထွက်ဆိုချက်များကို ရယူသည်။ တွေ့ဆုံမေးမြန်းမှုများကို ရက်ပေါင်းအတော်ကြာ ဆောင်ရွက်၍၊ မှန်ကန်တိကျပြီး အသေးစိတ် အချက်အလက်များ ရရှိရန်အတွက် အဖွင့်မေးခွန်းနှင့် နိမိတ်ပြခြင်းမရှိသော မေးခွန်းများကို အသုံးပြုသည်။

ယန္တရားသည် အွန်လိုင်းတွင် တွေ့ရှိရသည့် အကြောင်းအရာများကို အတည်ပြုရန် ပွင့်လင်းရင်းမြစ် စုံစမ်းစစ်ဆေးရေး အထူးပြုနည်းစနစ်များကိုလည်း အသုံးပြုသည်။ နည်းလမ်းများအားလုံးကို ပေါင်းစည်းအသုံးပြုခြင်းဖြင့် ယန္တရားသည် အချက်အလက်မှားများကို ဖယ်ထုတ်နိုင်ပြီး၊ စုဆောင်းထားသည့် အထောက်အထားများသည် ရာဇဝတ်မှုဆိုင်ရာ တရားစီရင်ရေးလုပ်ငန်းစဉ်များအတွက် သင့်လျော်သည့် စံနှုန်းများအတိုင်း ကိုက်ညီမှုရှိစေသည်။

ထို့နောက် ယန္တရားသည် သက်ဆိုင်ရာ အထောက်အထား အပြည့်အစုံတစ်ခုလုံးကို အချက်အလက်ပိုင်းနှင့် ဥပဒေပိုင်းဆိုင်ရာ စိစစ်သုံးသပ်ချက်များ ပြုလုပ်သည်။ ပုံမှန်အားဖြင့် စုံစမ်းစစ်ဆေးမှုတစ်ခုချင်းစီသည် ရာနှင့်ချီသော အချက်အလက်များကို အခြေခံထားသည်။

အချက်အလက်ပိုင်းဆိုင်ရာ စိစစ်သုံးသပ်ချက်သည် ဖြစ်ရပ်များကို ပြည့်စုံတိကျသည့် နားလည်မှု တည်ဆောက်ရန် အထောက်အထားများ၏ အလုံးစုံခိုင်မာမှုနှင့် ရှေ့နောက်ညီညွတ်မှုကို အကဲဖြတ်ခြင်း ဖြစ်သည်။ ထို့အပြင် အချက်အလက် ကွဲလွဲမှုများ၊ မညီညွတ်မှုများ သို့မဟုတ် ကွာဟချက်များကို ဖော်ထုတ်သည်။ ထို့နောက် ဥပဒေပိုင်းဆိုင်ရာ စိစစ်သုံးသပ်ချက်သည် ကြီးလေးသော နိုင်ငံတကာ ရာဇဝတ်မှုများ ကျူးလွန်ခဲ့ခြင်း ရှိ၊ မရှိနှင့် ကျူးလွန်ခဲ့ပါက မည်သူတာဝန်ရှိနိုင်သည်ကို ဆုံးဖြတ်ရန် သက်ဆိုင်ရာ ဥပဒေရေးရာ အချက်အလက်များကို ဖော်ထုတ်သည်။

# လူထုဆက်ဆံရေးလုပ်ငန်း

## ဘာသာစကားစုံဖြင့် သရုပ်ဖော်ရှင်းလင်းချက်များ

မြန်မာနိုင်ငံမှ ကလေးများက ဘယ်လိုကြီးလေးတဲ့ နိုင်ငံတကာ ရာဇဝတ်မှုတွေကို မကြာခဏ ကြုံတွေ့ရလေ့ရှိသလဲ၊ သူတို့ကို ဘယ်လို ထိခိုက်သက်ရောက်မှုတွေ ရှိသလဲ။ ဒီလို ရာဇဝတ်မှုတွေကို စုံစမ်းစစ်ဆေးရာမှာ ယန္တရားအနေနဲ့ ဘယ်လို ဦးစားပေး ဆောင်ရွက်သလဲ။ အသက်ရှင်ကျန်ရစ်သူများ၊ သက်သေများနှင့် ဘယ်လို ထိတွေ့ဆက်ဆံသလဲ။

ကလေးများကို ထိခိုက်စေသည့် ရာဇဝတ်မှုတွေကို ယန္တရားက ဘယ်လိုစုံစမ်းစစ်ဆေးသလဲ ဆိုတာကို သရုပ်ဖော်ရှင်းပြထားသည်။ ယင်းသရုပ်ဖော်ရှင်းလင်းချက်သည် အင်္ဂလိပ်နှင့် မြန်မာနှစ်ဘာသာဖြင့် ရရှိနိုင်ပြီး ယန္တရား၏ လုပ်ငန်းဆောင်တာများကို နားလည်ရလွယ်ကူစေရန် ရိုးရှင်းပြီး ရုပ်ပုံများဖြင့် ရှင်းပြသည့် သရုပ်ဖော်ရှင်းလင်းချက်များထဲမှ တစ်ခုဖြစ်သည်။

---

ယန္တရားထံ ဘာအချက်အလက်များ မျှဝေနိုင်သလဲ။ အချက်အလက်များကို ဘယ်လိုအသုံးပြုသလဲ။ ယန္တရားအတွက် သက်သေအဖြစ်ဆောင်ရွက်ခြင်းဆိုတာ ဘယ်လိုမျိုးလဲ။ ယန္တရားက ရိုဟင်ဂျာများကို ကျူးလွန်နေသည့် လက်ရှိရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးနေသလား။ ရိုဟင်ဂျာများ၏ လယ်ယာမြေများ၊ နေအိမ်များနှင့် စီးပွားရေးလုပ်ငန်းများ ဆုံးရှုံးခြင်းကို ယန္တရားက စစ်ဆေးနေသလား။

ရိုဟင်ဂျာဘာသာဖြင့် သရုပ်ဖော် ဗီဒီယိုစီးရီးအသစ်တွင် ဤမေးခွန်းများကို အဖြေပေးထားသည်။ ယင်းဗီဒီယိုများကို ယန္တရား၏ ဝက်ဘ်ဆိုက်တွင် ဒေါင်းလုဒ်ရယူနိုင်ပါသည်။






## ကျွန်ုပ်တို့နှင့် ဆက်သွယ်ပါ

ယန္တရားတွင် LinkedIn အကောင့် ရှိနေပါပြီ။ မြန်မာနိုင်ငံသားများအတွက် တရားမျှတမှုနှင့် တာဝန်ခံမှုရရှိရေး လုပ်ငန်းဆိုင်ရာ ထုတ်ပြန်ချက်များ၊ အစီရင်ခံစာများ၊ တရားစွဲဆိုမှုဖြစ်စဉ်များ၏ တိုးတက်မှုအခြေအနေများနှင့် အလုပ်အကိုင်အခွင့်အလမ်းများ အပါအဝင် ကျွန်ုပ်တို့လုပ်ငန်းများ၏ နောက်ဆုံးရသတင်းများကို ဖတ်ရှုနိုင်ရန် ချိတ်ဆက်သူပေါင်း ၁၀၀၀ ကျော်နှင့်အတူ ပူးပေါင်းချိတ်ဆက်နိုင်ပါသည်။

in လိုက်ပါစောင့်ကြည့်သူ ၁၀၀၀+!




## တက်ရောက်ပါဝင်ခြင်း

ယန္တရား၏ အကြီးအကဲ နီကိုလတ်စ်ခွန်ဂျန်သည် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် ဥရောပပါလီမန်၌ ကျင်းပသည့် "ငါးနှစ်တာ ကြာမြင့်လာပြီးနောက် မြန်မာနိုင်ငံတွင် ပြစ်ဒဏ်ကင်းလွတ်ခြင်း၊ တရားမျှတမှုနှင့် ပုံမှန်သဘောဖြစ်လာခြင်း၏ အန္တရာယ်" စကားဝိုင်းတွင် ပါဝင်ဆွေးနွေးခဲ့သည်။



# အိုင်စီဂျေရှိ ဂမ်ဘီယာ နှင့် မြန်မာအမှု

## အမှု

နိုင်ငံတကာတရားရုံး (အိုင်စီဂျေ) တွင် ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံအား တရားစွဲဆိုထားသည့် အမှု၏ **ကြားနာစစ်ဆေးမှုများ**သည် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နေ့တွင် ပြီးဆုံးခဲ့သည်။ အဆိုပါအမှုတွင် မြန်မာနိုင်ငံသည် ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်များအတွင်း ရိုဟင်ဂျာများကို လူမျိုးပြုန်းစေသည့် လုပ်ရပ်များအား တားဆီးရန်နှင့် အပြစ်ပေးအရေးယူရန် လူမျိုးပြုန်းစေမှုတားဆီးရေးစာချုပ်အရ ရှိနေသည့် တာဝန်ဝတ္တရားများကို ပျက်ကွက်ခဲ့ခြင်း ရှိ၊ မရှိ စစ်ဆေးခြင်းဖြစ်သည်။ ဤတရားစွဲဆိုမှုသည် လူတစ်ဦးချင်း၏ ရာဇဝတ်မှုဆိုင်ရာ တာဝန်ရှိမှု မဟုတ်ဘဲ၊ နိုင်ငံတကာဥပဒေအရ မြန်မာအစိုးရအနေဖြင့် တာဝန်ရှိမှုကို အခြေခံသည်။

တရားသူကြီးများသည် ယခုအခါ ၎င်းတို့၏ စဉ်းစားသုံးသပ်မှုများကို စတင်ခဲ့ပြီး စီရင်ချက်ချမှတ်ရန် အနည်းဆုံး လနှင့်ချီကာ ကြာမြင့်နိုင်သည်။

## ကြားနာစစ်ဆေးမှုများ

တရားရုံးသည် ကျယ်ပြန့်သော ဥပဒေရေးရာ ငြင်းခုံမှုများ၊ ကျွမ်းကျင်ပညာရှင်၏ အထောက်အထားများနှင့် သက်သေထွက်ဆိုချက်များကို ကြားနာခဲ့သည်။ ယင်းကြားနာမှုများတွင် မြန်မာစစ်တပ်က ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ မင်းကြီး၊ ချွတ်ပြင်နှင့် မောင်နုကျေးရွာတို့ အပါအဝင် နေရာအများအပြားတွင် ကျူးလွန်ခဲ့သည်ဟု စွပ်စွဲထားသည့် တိုက်ခိုက်မှုများကို စစ်ဆေးခဲ့သည်။ ထို့အပြင် ရိုဟင်ဂျာများကို ထိခိုက်ခဲ့သည့် ဒေသအနှံ့ရှိ ပုံစံတကျ တိုက်ခိုက်မှု အသွင်ပုံစံများနှင့် ပတ်သက်၍ ကျယ်ပြန့်သည့် အထောက်အထားများကိုလည်း စစ်ဆေးခဲ့သည်။

## ဥပဒေရေးရာ ငြင်းခုံမှုများ

ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ပုံစံတကျ တိုက်ခိုက်မှုများသည် လူမျိုးပြုန်းစေမှုတားဆီးရေးစာချုပ်တွင် တားမြစ်ထားသည့်လုပ်ရပ်များ ကျူးလွန်နေကြောင်းကို အထောက်အထား ရင်းမြစ်များစွာက အတည်ပြုကာ သက်သေပြနေပြီး၊ လူမျိုးပြုန်းစေရန် ရည်ရွယ်ချက်ရှိကြောင်း တွေ့ရှိချက်ကို ထောက်ခံနေသည်ဟု ဂမ်ဘီယာနိုင်ငံက ငြင်းခုံတင်ပြခဲ့သည်။ မြန်မာနိုင်ငံက ယင်း၏ စစ်ဆင်ရေးများသည် အာရ်ကန် ရိုဟင်ဂျာ ကယ်တင်ရေးတပ်၏ တိုက်ခိုက်မှုများကို တရားဝင်တုံ့ပြန်သည့် အကြမ်းဖက်မှုတန်ပြန်ရေး ဆောင်ရွက်ချက်များသာဖြစ်ပြီး၊ တင်ပြထားသော အထောက်အထားများသည် လူမျိုးပြုန်းစေမှုကို သက်သေပြရန် လိုအပ်သည့် မြင့်မားသော ဥပဒေရေးရာ သတ်မှတ်ချက်နှင့် မပြည့်မီကြောင်း ငြင်းခုံတင်ပြခဲ့သည်။

## ယန္တရား၏ ပံ့ပိုးကူညီမှု

တရားရုံးက အမှုအား တိကျစွာနှင့် ယုံကြည်စိတ်ချရစွာ စစ်ဆေးနိုင်ရေးအတွက် ပံ့ပိုးကူညီရန် ယန္တရားသည် အမှုတွင် ပါဝင်သည့် နှစ်နိုင်ငံလုံးအား **အထောက်အထားများနှင့် စိစစ်သုံးသပ်ချက် အစီရင်ခံစာများကို မျှဝေခဲ့သည်**။ နှစ်နိုင်ငံလုံးသည် ယင်းတို့၏ တင်သွင်းချက်များတွင် ထိုအချက်အလက်များကို ကျယ်ကျယ်ပြန့်ပြန့် မှီငြမ်းအသုံးပြုခဲ့ကြသည်။

ဤအမှုစစ်ဆေးရာတွင် ယန္တရားအနေဖြင့် သက်သေကာကွယ်စောင့်ရှောက်ရေးကို မည်မျှအလေးအနက်ထားကြောင်း ထင်ရှားပေါ်လွင်ခဲ့သည်။ ယန္တရားသည် အချက်အလက်ပေးသူများထံမှ သိနားလည်သည့် သဘောတူခွင့်ပြုချက် ရယူပြီး၊ ဤသို့မျှဝေခြင်းကြောင့် မည်သူ့ကိုမျှ အန္တရာယ်မဖြစ်စေနိုင်ကြောင်း အကဲဖြတ်ပြီးမှသာလျှင် အချက်အလက်များကို မျှဝေခဲ့သည်။ လုံခြုံရေးကာကွယ်မှု အစီအစဉ်၏ နောက်တစ်ဆင့်အဖြစ်၊ အန္တရာယ်ကြီးကြီးမားမား ကြုံရနိုင်ကြောင်း သုံးသပ်ထားသည့် ပုဂ္ဂိုလ်အချို့၏ ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ထားရန် အစီရင်ခံစာအတွင်း အချက်အလက်တချို့ကို ဖယ်ရှားထားသည်။

ယန္တရားသည် စိစစ်သုံးသပ်ချက်အစီရင်ခံစာ (၉) စောင်၊ သက်သေထွက်ဆိုချက် (၄၀) စောင်၊ စစ်တပ်မှ ဘက်ပြောင်းလာသူများ၏ ထွက်ဆိုမှု စိစစ်ချက်မှတ်စု (၂) စောင်နှင့် ယန္တရားအကြီးအကဲ၏ ကျမ်းကျိန်လွှာ (၁) စောင်တို့ကို အမှုတွင်ပါဝင်သည့် နှစ်ဖက်နိုင်ငံအား ပံ့ပိုးပေးခဲ့သည်။

## ယန္တရားမှ ပံ့ပိုးကူညီမှု၏ အရေးပါမှု

အထက်ပါ တရားရေးလုပ်ငန်းစဉ်များတွင် လွတ်လပ်ပြီး အထူးပြု စုံစမ်းစစ်ဆေးမှုဆိုင်ရာ စွမ်းဆောင်ရည်ရှိခြင်းသည် အရေးပါကြောင်း ထင်ရှားပေါ်လွင်ခဲ့သည်။ အထူးသဖြင့် နယ်မြေသို့ ဝင်ရောက်ခွင့်ကန့်သတ်ထားသည့် အခြေအနေများနှင့် သက်သေပြရန် စံနှုန်းမြင့်မားသည့် အခြေအနေများတွင် အချက်အလက်ပိုင်းနှင့် ဥပဒေပိုင်းဆိုင်ရာ ရှုပ်ထွေးမှုများကို တရားစီရင်ရေးတွင် ထည့်သွင်းစဉ်းစားရာ၌ အထောက်အကူပြုနိုင်ခဲ့သည်။

ယန္တရားသည် နေရာအနှံ့အပြားတွင် ကာလရှည်ကြာစွာ ကျူးလွန်ခဲ့သည်ဟု စွပ်စွဲခံထားရသော အမှုများကို စုံစမ်းစစ်ဆေးရာတွင် အထောက်အကူဖြစ်စေရန် သက်သေထွက်ဆိုချက်၊ စာရွက်စာတမ်း အထောက်အထား၊ ဂြိုဟ်တုပုံရိပ်နှင့် အခြားသော ပထဝီဝင် အချက်အလက်များ အပါအဝင် ကျယ်ပြန့်သော အထောက်အထားရင်းမြစ်များမှ အကြောင်းအရာများကို မျှဝေခဲ့သည်။ ယန္တရား၏ အချက်အလက်ပစ္စည်းများကို ကျယ်ကျယ်ပြန့်ပြန့် ကိုးကားအသုံးပြုခဲ့ခြင်းသည် အထူးပြု စုံစမ်းစစ်ဆေးရေးကျွမ်းကျင်မှု၏ တန်ဖိုးကို ထင်ဟပ်ပြသနေသည်။ အဆိုပါ စုံစမ်းစစ်ဆေးရေးကျွမ်းကျင်မှုအနက် နိုင်ငံတကာ တရားစီရင်ရေးလုပ်ငန်းစဉ်များတွင် လက်ခံကျင့်သုံးသည့် သက်သေပြစံနှုန်းများကို လေ့ကျင့်သင်ကြားထားသော စုံစမ်းစစ်ဆေးသူများ၊ ပွင့်လင်းရင်းမြစ်နှင့် ပထဝီဝင်ဆိုင်ရာ စိစစ်သုံးသပ်မှုဆိုင်ရာ အထူးပြု နည်းပညာကျွမ်းကျင်မှုများလည်း ပါဝင်သည်။

# ယန္တရား၏ ပွင့်လင်းရင်းမြစ် စုံစမ်းစစ်ဆေးသူများနှင့် တွေ့ဆုံမေးမြန်းခြင်း

## ပွင့်လင်းရင်းမြစ်စုံစမ်းစစ်ဆေးရေးအဖွဲ့က ဘယ်လို အချက်အလက်တွေကို စုဆောင်းပြီး သုံးသပ်သလဲ၊ ပြီးတော့ ဒီ အချက်အလက်တွေ စစ်မှန်ကြောင်း ဘယ်လိုအတည်ပြုသလဲ။

ပွင့်လင်းရင်းမြစ်စုံစမ်းစစ်ဆေးရေးအဖွဲ့ဟာ ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုတွေနဲ့ ဆက်စပ်နေတဲ့ လူထုထံ ထုတ်ပြန်ထားတဲ့ အချက်အလက်တွေကို စုဆောင်းပြီး စိစစ်သုံးသပ်ပါတယ်။ ဒီထဲမှာ ဆိုရှယ်မီဒီယာတွေ၊ သတင်းတင်ပြချက်တွေ၊ အရပ်ဘက် လူမှုအဖွဲ့ အစည်းတွေရဲ့ မှတ်တမ်းတွေနဲ့ ပထဝီဝင် အချက်အလက်တွေ ပါဝင်ပါတယ်။ ဒီသုံးသပ်မှုတွေက ဖြစ်ရပ်တွေကို ပြန်ပုံဖော်ကြည့်ရှုဖို့၊ ကျူးလွန်သူတွေကို ဖော်ထုတ်ဖို့၊ ပြီးတော့ လူပုဂ္ဂိုလ်တွေ၊ လက်နက်ကိုင်အဖွဲ့တွေနဲ့ သက်ဆိုင်ရာ ဖွဲ့စည်းပုံတွေအကြောင်း နောက်ခံ သုတေသနတွေ ပြုလုပ်ရာမှာ အထောက်အကူ ပြုပါတယ်။ ကျွန်ုပ်တို့ဟာ အချက်အလက်တွေကို အမှီအခိုကင်းတဲ့ ရင်းမြစ်အမျိုးမျိုးနဲ့ ယှဉ်ကြည့်ပြီး၊ ဓာတ်ပုံ ဒါမှမဟုတ် ဗီဒီယိုတွေကို ဘယ်နေရာ၊ဘယ်အချိန်က ရိုက်ကူးထားတာလဲဆိုတာ ဖော်ထုတ်ပါတယ်။ ပြီးတော့ အချက်အလက်တွေရဲ့ ရင်းမြစ်နဲ့ ယုံကြည်စိတ်ချနိုင်မှုကို အကဲဖြတ်ပြီး အတည်ပြုပါတယ်။

ကျွန်တော်တို့က အချက်အလက်တွေကို ပြုပြင်ထားခြင်း၊ ခြယ်လှယ်ထားခြင်း ဒါမှမဟုတ် ဇာတ်လမ်းဆင်ထားခြင်း ရှိ/မရှိကို အကဲဖြတ်ပြီး စစ်မှန်ကြောင်း အတည်ပြုပါတယ်။ ဒါ့အပြင် ကျွန်ုပ်တို့ ရရှိထားတဲ့ ပစ္စည်းတွေကို မှုခင်းဆေးသိပ္ပံပညာ စံနှုန်းတွေနဲ့အညီ ထိန်းသိမ်းပါတယ်။ အဆင့်ဆင့်လွှဲပြောင်းထိန်းသိမ်းမှုကွင်းဆက်ကိုလည်း လုံခြုံစွာ ထားပြီး၊ ရရှိထားတဲ့ အချက်အလက်တွေကို ရာဇဝတ်မှုဆိုင်ရာ တရားစွဲဆိုမှုတွေမှာ အသုံးပြုနိုင်ဖို့ သေချာစေပါတယ်။

## ယန္တရားရဲ့ စုံစမ်းစစ်ဆေးမှုတွေအတွက် ပွင့်လင်းရင်းမြစ် စိစစ်သုံးသပ်မှုက ဘာကြောင့် အရေးပါတာလဲ။

ကျွန်ုပ်တို့အဖွဲ့တွေဟာ မြန်မာနိုင်ငံအတွင်းကို ဝင်ခွင့်မရတာကြောင့် ကွင်းဆင်းစုံစမ်းစစ်ဆေးမှုတွေ မလုပ်နိုင်ပါဘူး။ တစ်ဖက်မှာလည်း အမှုနဲ့ သက်ဆိုင်နိုင်ခြေရှိတဲ့ အချက်အလက်အများအပြားဟာ အွန်လိုင်းနဲ့ လူထုထံ ထုတ်ပြန်ချက်တွေမှာ ရှိနေပါတယ်။ စုံစမ်းစစ်ဆေးသူတွေက ပွင့်လင်းရင်းမြစ် စိစစ်သုံးသပ်မှုကနေ အချက်အလက်တွေကို စနစ်တကျ ဖော်ထုတ်တယ်၊ အခြေအနေအရပ်ရပ်နဲ့ ဆက်စပ်ကြည့်ရှုတယ်၊ ပုံစံတူဖြစ်ရပ်တွေကို ရှာဖွေနိုင်ပါတယ်။။ ပြီးတော့ ဒစ်ဂျစ်တယ်အထောက်အထားတွေကို သက်သေထွက်ဆိုချက်တွေ၊ တခြားအထောက်အထားတွေနဲ့ ချိတ်ဆက်နိုင်ပါတယ်။ ဒါကြောင့် ပွင့်လင်းရင်းမြစ် စိစစ်သုံးသပ်မှုဟာ ကျွန်တော်တို့ရဲ့ အဓိက စုံစမ်းစစ်ဆေးရေး မဏ္ဍိုင်တစ်ခု ဖြစ်လာပါတယ်။ ရာဇဝတ်မှုကျူးလွန်တဲ့ နေရာတွေကို ကိုယ်တိုင်သွားရောက်ခွင့် မရှိပေမယ့်လည်း ဒီနည်းလမ်းက ကျွန်တော်တို့ရဲ့ စုံစမ်းစစ်ဆေးမှုတွေကို ရှေ့ဆက်ဆောင်ရွက်နိုင်ဖို့ ပံ့ပိုးပေးပါတယ်။

## ပွင့်လင်းရင်းမြစ်အဖွဲ့အနေနဲ့ ရင်ဆိုင်ရတဲ့ အကြီးမားဆုံး စိန်ခေါ်မှုတွေက ဘာတွေလဲ။

မြန်မာနိုင်ငံရဲ့ ဒစ်ဂျစ်တယ်သတင်း အခြေအနေက ပွင့်လင်းရင်းမြစ် စိစစ်သုံးသပ်မှုအတွက် ထူးခြားတဲ့ စိန်ခေါ်မှုတွေ ရှိပါတယ်။ အင်တာနက် ဖြတ်တောက်ခံရမှု၊ လူမှုကွန်ရက် ပိတ်ဆို့ခံရမှုနှင့် VPN သုံးစွဲမှုကို ကန့်သတ်တာတွေကြောင့် မြန်မာနိုင်ငံက ရာဇဝတ်မှုတွေနဲ့ ပတ်သက်တဲ့ အချက်အလက်တွေဟာ မကြာခဏဆိုသလို နှေးကွေးပြီး မပြည့်မစုံ ဒါမှမဟုတ် အတော်နောက်ကျပြီးမှ ထွက်လာတတ်ပါတယ်။  တစ်ဖက်မှာလည်း အွန်လိုင်းပေါ်က အချက်အလက် ပမာဏဟာ ဆက်တိုက် တိုးများနေပါတယ်။ ဒါကြောင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တွေကို အလွန်အမင်း ဝန်မပိစေဘဲ စိစစ်သုံးသပ်သူများက သက်ဆိုင်တဲ့ အချက်အလက်တွေကို ဖော်ထုတ်ပြီး၊ စနစ်တကျတဲ့ စိစစ်သုံးသပ်ချက်များကို လုပ်ဆောင်ဖို့ လိုအပ်ပါတယ်။ သတင်းမှားတွေနဲ့ သတင်းတု ဖန်တီးဖြန့်ချိမှုတွေကလည်း စိန်ခေါ်မှုကို ပိုမြင့်မားစေပါတယ်။ ဓာတ်ပုံနဲ့ ဗီဒီယိုတွေကို ပြင်ဆင်လှည့်စားမှု၊ အတုဖန်တီးမှု၊ ဉာဏ်ရည်တု (အေအိုင်) နဲ့ ဖန်တီးထားတဲ့ ဒစ်ဂျစ်တယ် လူသားစတဲ့ဉာဏ်ရည်တု နည်းပညာတိုးတက်လာမှုနဲ့ ဆက်စပ်နေတဲ့ အန္တရာယ်အသစ်တွေလည်း ရှိနေပါတယ်။

စုံစမ်းစစ်ဆေးရေးဆိုင်ရာ လိုအပ်ချက်တွေ ဆက်တိုက်များလာနေချိန်မှာပဲ အရင်းအမြစ် ကန့်သတ်ချက်တွေကြောင့် ကျွန်ုပ်တို့ရဲ့ ဝန်ထမ်းအင်အားနဲ့ အထူးပြု စိစစ်သုံးသပ်ရေးကိရိယာတွေ ရယူသုံးစွဲနိုင်မှုဟာ ဖိအားတွေ ရင်ဆိုင်နေရပါတယ်။ ဒါကြောင့် လုပ်ငန်းဆောင်ရွက်မှုတွေ နှောင့်နှေးကြန့်ကြာပြီး ဦးစားပေးရွေးချယ်လုပ်ဆောင်ဖို့ ခက်ခဲစွာ ဆုံးဖြတ်လာရပါတယ်။

## ပွင့်လင်းရင်းမြစ် စိစစ်သုံးသပ်သူကောင်းတစ်ယောက်ဖြစ်ဖို့ ဘယ်လိုအရည်အချင်းတွေ လိုအပ်သလဲ။ ထိရောက်တဲ့ အဖွဲ့တစ်ဖွဲ့ဖြစ်ဖို့ ဘာတွေ လိုအပ်သလဲ။

ပွင့်လင်းရင်းမြစ် စိစစ်သုံးသပ်သူကောင်းတစ်ယောက်ဟာ ခွဲခြမ်းစိတ်ဖြာမှုဆိုင်ရာ ဆုံးဖြတ်ချက်၊ စူးစမ်းလိုစိတ်နဲ့ ဇွဲရှိ သူ ဖြစ်ဖို့ လိုအပ်ပါတယ်။ အွန်လိုင်းပလက်ဖောင်းတွေနဲ့ နည်းပညာတွေ ပြောင်းလဲတိုးတက်လာတာနဲ့အမျှ မိမိရဲ့ ကျွမ်းကျင် မှုတွေကို အဆက်မပြတ် မြှင့်တင်နိုင်သူလည်း ဖြစ်ရပါမယ်။

ထိရောက်တဲ့ ပွင့်လင်းရင်းမြစ်စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုမှာ အဖွဲ့ဝင်အချင်းချင်း ဖြည့်စွက်ပံ့ပိုးပေးနိုင်တဲ့ ကျွမ်းကျင်မှုတွေကို အတူပေါင်းစပ် လုပ်ကိုင်ရပါတယ်။ နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှု၊ စုံစမ်းစစ်ဆေးရေး အတွေ့အကြုံ၊ နည်းဗျူဟာနဲ့ မဟာဗျူဟာပိုင်းဆိုင်ရာ စိစစ်သုံးသပ်နိုင်မှုစွမ်းရည်၊ စီးပွားရေးလုပ်ငန်းနဲ့ ဘဏ္ဍာရေးဆိုင်ရာ နားလည်သဘောပေါက်မှုတွေ အားလုံးက ပိုမိုအားကောင်းတဲ့ သုံးသပ်ချက်တွေ ထွက်လာစေပါတယ်။ ဥပဒေရေးရာ ကျွမ်းကျင်မှုကလည်း ရရှိထားတဲ့ သုံးသပ်ချက်တွေကို နောက်ဆုံး ရာဇဝတ်မှုဆိုင်ရာ တရားစွဲဆိုမှုတွေမှာ အသုံးပြုနိုင်စေပါတယ်။

ဘာသာစကား ကျွမ်းကျင်မှုနဲ့ ဒေသဆိုင်ရာ နားလည်မှုတွေကလည်း အလွန်အရေးပါတဲ့ အခန်းကဏ္ဍကနေ ပါဝင်ပါတယ်။ ကျွန်ုပ်တို့ အဖွဲ့ဟာ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး ထဲထဲဝင်ဝင် ဗဟုသုတရှိသူတွေ၊ မြန်မာနိုင်ငံရဲ့ မတူညီတဲ့ ဒေသတွေနဲ့ ဘာသာစကားတွေကို ကိုယ်စားပြုတဲ့ လုပ်ဖော်ကိုင်ဖက်တွေနဲ့ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ပါတယ်။ ဒီလို ပူးပေါင်းဆောင်ရွက်တာကြောင့်ပွင့်လင်း ရင်းမြစ်က ရရှိတဲ့အချက်အလက်တွေကို တိကျမှန်ကန်စွာ ဘာသာပြန်ဆိုနိုင်မှုနဲ့ အခြေအနေအရပ်ရပ်နဲ့ ဆက်စပ်ပြီး အနက်ဖွင့်ဆိုနိုင်မှုကို ပိုမိုအားကောင်းစေပါတယ်။

## နှိပ်စက်ညှဥ်းပန်းခြင်းဖြင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုဆိုတာ ဘာလဲ။

နှိပ်စက်ညှဥ်းပန်းခြင်းဆိုသည်မှာ လူတစ်ဦး သို့မဟုတ် လူအုပ်စုတစ်စုအား ၎င်းတို့၏ မျိုးနွယ်စု၊ ဘာသာဝင်၊ နိုင်ငံသားဖြစ်တည်မှု၊ နိုင်ငံရေးအမြင်၊ ဂျင်ဒါ စသည့် အမှတ်လက္ခဏာများကို မူတည်၍ အခြေခံလူ့အခွင့်အရေးများကို ရည်ရွယ်ချက်ရှိရှိနှင့် ပြင်းထန်စွာ ဖယ်ရှားခြင်းကို ဆိုလိုသည်။ ထို့အပြင် လူတစ်ဦးကို ၎င်း၏ အမှန်တကယ်ရှိသည့် အမှတ်လက္ခဏာ သို့မဟုတ် ထင်မြင်ယူဆထားသည့် လက္ခဏာ သို့မဟုတ် ပတ်သက်ဆက်နွယ်မှုကို အခြေခံ၍လည်း ပစ်မှတ်ထားမှုများလည်း ပါဝင်သည်။

နှိပ်စက်ညှဥ်းပန်းခြင်းသည် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ဖြစ်ရန်မလိုအပ်ပါ။ နိုင်ငံတကာ ဥပဒေထုံးတမ်းအရ၊ နိုင်ငံသားဖြစ်ခွင့်၊ ရွှေ့ပြောင်းသွားလာခွင့်၊ ပညာသင်ယူခွင့်၊ အလုပ်လုပ်ခွင့်၊ ကျန်းမာရေးဝန်ဆောင်မှုရယူခွင့် သို့မဟုတ် လူမှုဘဝတွင် ပါဝင်ခွင့်ကဲ့သို့ အခြေခံလူ့အခွင့်အရေးများကို ပြင်းထန်စွာ ကန့်သတ်သည့် ဥပဒေများ၊ မူဝါဒများ သို့မဟုတ် လုပ်ထုံးလုပ်နည်းများမှတဆင့်လည်း နှိပ်စက်ညှဥ်းပန်းခြင်းကို ကျူးလွန်နိုင်သည်။ အကြိမ်ကြိမ် ကျူးလွန်နေသည့် ခွဲခြားဆက်ဆံသောဖြစ်ရပ်များကို ပေါင်းစည်းလိုက်သောအခါ၊ အရပ်သားများအပေါ် ကျယ်ကျယ်ပြန့်ပြန့် သို့မဟုတ် စနစ်တကျ တိုက်ခိုက်မှု အသွင်ပုံစံဖြစ်လာပြီး၊ ယင်းလုပ်ဆောင်ချက်သည် နှိပ်စက်ညှဥ်းပန်းခြင်းဖြင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှု ဖြစ်လာနိုင်သည်။

နှိပ်စက်ညှဥ်းပန်းခြင်းသည် လူမျိုးပြုန်းစေမှုနှင့် မတူပါ။ လူမျိုးပြုန်းစေခြင်းကို သက်သေပြရန်အတွက် ကာကွယ်ထားသည့် လူအုပ်စုတစ်စုကို အလုံးစုံ သို့မဟုတ် တစိတ်တပိုင်း ဖျက်ဆီးရန် ရည်ရွယ်ချက် တိတိကျကျရှိကြောင်းကို သက်သေပြရန် လိုအပ်သည်။

ဖမ်းဆီးထိန်းသိမ်းထားစဉ်အတွင်း LGBTQI+ ပုဂ္ဂိုလ်များအား ခွဲခြားဆက်ဆံမှုများ ပြုလုပ်ခဲ့သည်ဟု စွပ်စွဲချက်များကို ယန္တရားက စုံစမ်းစစ်ဆေးလျက်ရှိသည်။ ထိုစွပ်စွဲချက်များတွင် လိင်စိတ်တိမ်းညွှတ်မှု၊ ဂျင်ဒါသတ်မှတ်ချက်နှင့် နိုင်ငံရေးအရ ဆန့်ကျင်သည်ဟု ယူဆချက်ကို အခြေခံ၍ ကျူးလွန်သည့် လိင်ပိုင်းဆိုင်ရာနှင့် ဂျင်ဒါအခြေပြု ရာဇဝတ်မှုများ ပါဝင်သည်။ ထိုကျူးလွန်မှုများကို နှိပ်စက်ညှဥ်းပန်းခြင်းအဖြစ် သတ်မှတ်နိုင်သည်။

ယန္တရားသည် လက်နက်ကိုင်အဖွဲ့များက လူမျိုးစုအသိုင်းအဝိုင်းများကို ပစ်မှတ်ထား၍ သတ်ဖြတ်ခြင်း၊ လိင်ပိုင်းဆိုင်ရာနှင့် ဂျင်ဒါအခြေပြု ရာဇဝတ်မှုများ ကျူးလွန်ခြင်း၊ အတင်းအဓမ္မ နေရပ်ရွှေ့ပြောင်းခိုင်းခြင်းနှင့် ဘာသာရေးဆိုင်ရာနေရာများ အပါအဝင် ပိုင်ဆိုင်မှုများကို ဖျက်ဆီးခြင်းတို့ ပြုလုပ်ခဲ့ခြင်း ရှိ၊ မရှိကိုလည်း စုံစမ်းစစ်ဆေးလျက်ရှိသည်။ ဤကဲ့သို့သော ကျူးလွန်မှုများကို လူအုပ်စုတစ်စုအား ခွဲခြားဆက်ဆံရန် ရည်ရွယ်ချက်ဖြင့် ပစ်မှတ်ထား ဆောင်ရွက်ပါက၊ ယင်းကို နှိပ်စက်ညှဥ်းပန်းခြင်းအဖြစ် သတ်မှတ်နိုင်သည်။

## ခွဲခြားသတ်မှတ်မှုနှင့် အချိုးညီမျှမှု မူဝါဒဆိုတာ ဘာလဲ။

နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဥပဒေအရ၊ ခွဲခြားသတ်မှတ်မှုနှင့် အချိုးညီမျှမှုဆိုသည်မှာ လက်နက်ကိုင် ပဋိပက္ခအတွင်း တိုက်ခိုက်မှုများကို မည်သို့ဆောင်ရွက်နိုင်သည်ကို ထိန်းညှိပေးသည့် အခြေခံမူဝါဒများ ဖြစ်သည်။

ခွဲခြားသတ်မှတ်မှုဆိုသည်မှာ ပဋိပက္ခတွင်ပါဝင်သည့် အဖွဲ့များသည် အရပ်သားများနှင့် စစ်သားများကို အမြဲတမ်း ခွဲခြားသတ်မှတ်ရမည်၊ အရပ်သားပိုင်ပစ္စည်းများနှင့် စစ်ရေးဆိုင်ရာပစ္စည်းများကိုလည်း ခွဲခြားသတ်မှတ်ရမည်။ တိုက်ခိုက်မှုများအား စစ်သားများနှင့် စစ်ရေးဆိုင်ရာပစ္စည်းများကိုသာ ဆောင်ရွက်ရမည်ဖြစ်ပြီး၊ နေအိမ်များ၊ စာသင်ကျောင်းများ၊ ဆေးရုံများနှင့် ဘာသာရေးဆိုင်ရာနေရာများကဲ့သို့ အရပ်သားများနှင့် အရပ်သားပိုင်ပစ္စည်းများကို ပစ်မှတ် မထားရပါ။

အချိုးညီမျှမှုသည် စစ်ရေးပစ်မှတ်တစ်ခုကို တိုက်ခိုက်သည့် အချိန်တွင်ပါ လိုက်နာရသည်။ ဤမူဝါဒသည် စစ်ရေး ဆိုင်ရာ ပစ္စည်းကို တိုက်ခိုက်ရာတွင် အရပ်သားများနှင့် အရပ်သားပိုင်ပစ္စည်းများ ထိခိုက်သွားနိုင်သည်ကို လက်ခံသည်။ သို့သော် တိုက်ခိုက်မှုတစ်ခုမှ ရနိုင်မည့် စစ်ရေးအသာရရှိမှုနှင့် နှိုင်းယှဥ်လျှင် အရပ်သားထိခိုက်မှု ပမာဏသည် များလွန်းနေပါက ထို တိုက်ခိုက်မှုကို လုပ်ခွင့်မရှိပေ။ အရပ်သားထိခိုက်မှုတွင် သေဆုံးခြင်း၊ ဒဏ်ရာရခြင်း သို့မဟုတ် အရပ်သားပိုင်အဆောက်အဦးများနှင့် အခြေခံအဆောက်အအုံများ ပျက်စီးခြင်းတို့ ပါဝင်နိုင်သည်။ ပဋိပက္ခတွင် ပါဝင်သည့် အဖွဲ့များသည် တိုက်ခိုက်မှုမပြုမီ၊ ထိုအချိန်တွင် ရရှိနိုင်သည့် အချက်အလက်များကို အခြေခံ၍ အဆိုပါသုံးသပ်ချက်များကို ပြုလုပ်ရမည် ဖြစ်သည်။

ခွဲခြားသတ်မှတ်မှု သို့မဟုတ် အချိုးညီမျှမှုကို မလိုက်နာပါက တိုက်ခိုက်မှုသည် တရားဝင်မည် မဟုတ်ဘဲ ကြီးလေးသောအမှုများတွင် နိုင်ငံတကာဥပဒေအရ စစ်ရာဇဝတ်မှု သို့မဟုတ် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုအဖြစ် သတ်မှတ်နိုင်သည်။ မြန်မာနိုင်ငံတွင် ကျူးလွန်သည့် ဖြစ်နိုင်ချေရှိသော ချိုးဖောက်မှုများကို အကဲဖြတ်သည့်အခါ ဖြစ်ပွားနေသည့် တိုက်ခိုက်မှုများသည် အဆိုပါမူဝါဒများကို လေးစားလိုက်နာခြင်း ရှိ၊မရှိ ယန္တရားက စိစစ်သုံးသပ်သည်။